**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၇၁၈ / ရွေးချယ်ရေး(ထွေ) / ၂၀၂၂

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ၊ ဩဂုတ် လ ၂၉ ရက်

သို့

-----------------------------

-----------------------------

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဖွင့်လှစ်မည့် အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၉)သို့ တက်ရောက်ရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏

(၁) ၂၂-၇-၂၀၂၂ ရက်စွဲပါကြေညာချက်အမှတ်၊ ၁၂/၂၀၂၂

(၂) ၁၇-၈-၂၀၂၂ ရက်စွဲပါကြေညာချက်အမှတ်၊ ၁၄/၂၀၂၂

၁။ လူကြီးမင်းသည် အထက်ရည်ညွှန်းပါ ကြေညာချက်များဖြင့် ထုတ်ပြန်ခဲ့သည့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ လစ်လပ်ရာထူးနေရာများအတွက် ရွေးချယ်ခြင်းခံရသူ (၄၃၇)ဦးအနက် ရည်ညွှန်းပါ ကြေညာချက် အပိုဒ်(၄)ပါအတိုင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအတွက် အောင်မြင်သူများသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ၁၂-၉-၂၀၂၂ ရက်နေ့မှ ၃၀-၁၂-၂၀၂၂ ရက်နေ့အထိ ဖွင့်လှစ်မည့် **"အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၉)"** သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းကို အောင်မြင်စွာတက်ရောက်ပြီးမှသာ ရွေးချယ်ခြင်းခံရသည့် လစ်လပ်ရာထူးနေရာ၌ ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၂။ **သင်တန်းတက်ရောက်ရန်အတွက် မိမိအစီအစဉ်ဖြင့်သွားရောက်ရမည်ဖြစ်ပြီး** ၂-၉-၂၀၂၂ ရက် (သောကြာနေ့)နောက်ဆုံးထား၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်းအမှတ်၊ ၀၆၇-

၂/သို့

၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ဖက်စ်နံပါတ်၊ ၀၆၇-၃၄၀၉၅၄၀) သို့ ကြိုတင်သတင်းပို့အကြောင်းကြားရမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ **(၉-၉-၂၀၂၂) ရက် (သောကြာနေ့) ညနေ ၁၈:၀၀ နာရီ နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့ရမည်ဖြစ်ပါသည်။**

၃။ သင်တန်းတက်ရောက်ရန်အတွက် **"သင်တန်းဝင်ညွှန်ကြားလွှာ"**၌ ဖော်ပြပါရှိသည့် စာရေးကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကိုပြည့်စုံစွာယူဆောင်သွားရန်နှင့် **သင်တန်းသို့တက်ရောက်နိုင်ခြင်းမရှိပါက စာပိုဒ်(၂)ပါဖုန်းနှင့်ဖက်စ်နံပါတ်များသို့ ကာယကံရှင်ကိုယ်တိုင် တယ်လီဖုန်း (သို့မဟုတ်) တယ်လီဖက်စ် (သို့မဟုတ်)ကိုယ်တိုင်ရေးစာဖြင့် အချိန်မီမပျက်မကွက်အကြောင်းကြားရန်ဖြစ်ပါသည်။** ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ သင်တန်းတက်ရောက်ရန် ပျက်ကွက်ပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး **"ရွေးချယ်ခြင်းခံရသည့်ရာထူးတွင်တာဝန်ထမ်းဆောင်လိုခြင်းမရှိ"** ဟု မှတ်ယူမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၂၉-၈-၂၀၂၂

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )

( စုစုအေး ၊ ညွှန်ကြားရေးမှူး )

မိတ္တူကို

ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)

လေ့ကျင့်ရေးဌာနစိတ်

ရုံးလက်ခံ

မျှောစာတွဲ